မြန်မာ သတင်းလွှာ

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၆၇ ၂၀၁၂ ခု ဇူလိုင်လ

•အစိုးရအရာရှိများရခိုင်ပြည်နယ်ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုများတွင်ပါဝင်ပတ်သက်မှုရှိသည်ဟုဆိုသည်။ လူအစုလိုက်ဖမ်းဆီးမှု၊အစုလိုက်သတ်ဖြတ်မှု၊အဓမ္မပြုကျင့်မှုများ လည်းပါသည်။

•ဆက်လက်၍ မတည်ငြိမ်မှုများ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေပြီး၊ အိုးအိမ်မဲ့ပြောင်းရွှေ့နေထိုင်ရသူ(၁၀၄,၀၀၀)ခန့်အနည်းဆုံးရှိသည်။အိုးအိမ်မဲ့ဖြစ်နေသူများသည်အခြေအနေဆိုးများဖြင့်ကြုံတွေ့နေရ ကာ "အမိုးမဲ့အကျဉ်းထောင်များ"ဟု တင်စားခေါ်ကြသည့် ဒုက္ခသည်စခန်းများတွင်နေထိုင်နေကြရသည်။

•လူမျိုးဂိုဏ်းဂဏအခြေခံကြောင့်ဖြစ်ပေါ်ရသည့်ရခိုင်ပြည်နယ်ကိစ္စတွင်၊သမ္မတဦးသိန်းစိန်ကရိုဟင်ဂျာများအားတတိယနိုင်ငံ (သို့မဟုတ်)ဒုက္ခသည်စခန်းများသို့ပို့ဆောင်ရမည်ဟုအဖြေ ပေးထားသည်။

•ဆက်လက်ဖြစ်ပွားနေသောရခိုင်ပြည်နယ်အရေးကိစ္စတွင်၊ ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုများ၊ဘင်္ဂလားဒက်ရှ်နိုင်ငံက ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ နိုင်ငံတကာကစိုးရိမ်မှုများဖြစ်ရကြောင်းပြောဆိုသံများထွက်ပေါ်ခဲ့ သည်။

•ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် စစ်ပွဲသည် (၁၃)လတိတိ ပြည့်ပြီဖြစ်သည်။အစိုးရတပ်များသည်ရှမ်းပြည် လွတ်မြောက်ရေး တပ်မတော် (တောင်ပိုင်း) နှင့် (မြောက်ပိုင်း) တပ်များအားလည်း ထိုးစစ်ဆင်လာသည်။

•အစိုးရက နိုင်ငံရေးအကျဉ်းသား (၂၅) ယောက်လွှတ်ပေးသည်။ သို့သော် ကျောင်းသားအရေး လှုပ်ရှားတက်ကြွသူများ အား ဖိနှိပ် ဖြိုခွဲမှုများလုပ်နေသည်။

•အစိုးရက ဖွန်လကုန်တွင် စာပေစိစစ်ရေးလုပ်ခြင်းကိစ္စ ဖျက်သိမ်းမည်ဟု ပေးထားသည့် ကတိကို ဖေါက်ဖျက်သည်။ ထို့နောက် သတင်းစာလွတ်လပ်ခွင့်ကို ပိုမိုဖိနှိပ်မှုများ ပြုလုပ်လာသည်။

•အစိုးရကလယ်သမားများထံမှလယ်ယာမြေများမတရားသိမ်းယူထားသည်။ထိုလယ်မြေများပေါ်သို့လယ်သမားများကကျူးကျော်ဝင်ရောက်သည်ဟုဆိုကါ၊အစိုးရကလယ်သမားများအားတရားစွဲဆိုမှုများလုပ်သည်။

•သမ္မတဦးသိန်းစိန်၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း၊ မြန်မာနှင့် ထိုင်းအစိုးရတို့အကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သည်။

•ကိုယ်ကျင့်သိက္ခာစောင့်စည်းသော စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ကြပါရန်ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းပန်ကြားချက်ကို မျက်ကွယ်ပြုလျှက်၊ အမေရိကန်အစိုးရက အမေရိကန်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုခွင့် ခွင့်ပြုမိန့်ထုတ်ခဲ့သည်။ သယံဇာတထုတ်ယူရေးအပါအဝင် စီးပွားရေးကဏ္ဍအသီးသီး၌ရင်းနှီးမြှုပ်နှံခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ယခုလ သတင်းစဉ် အညွှန်း

- ပင်မ သတင်းခေါင်းစဉ်

၁ ရိုဟင်ဂျာ လူ့အခွင့်အရေးကိစ္စ
၂ အစိုးရ၏ ခွဲခြားဆက်ဆံခြင်း အားပေးမှု
၃ ရိုဟင်ဂျာတို့ကို လက်မခံ
၃ နိုင်ငံတကာစိုးရိမ်ပူပန်မှု

- မြန်မာပြည်တွင်း သတင်း

၄ ပါလီမန်အတွင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဩဇာသက်ရောက်မှု
၅ ဒု-သမ္မတအသစ် ရွေးချယ်ရေးကိစ္စ
၆ ကချင်ပြည်နယ်စစ်ပွဲကိစ္စ
၆ ရှမ်းပြည်နယ် စစ်ဆင်ရေးများ
၇ မြေယာသိမ်းမှု ဆန့်ကျင်ဆန္ဒပြ
၇ အာဇာနည်နေ့အခမ်းအနား ဟန့်တားမှုများ
၈ ဒု-ဝန်ကြီးနေရာများ အပြောင်းအလဲလုပ်ခြင်း

- လူ့အခွင့်အရေးပြဿနာ

၈ ကျောင်းသားအရေးဆောင်ရွက် သူများ ဖြိုခွင်း
၉ နိုင်ငံရေးအကျဉ်းသားများ ထပ်လွှတ်ခြင်း
၉ သတင်းစာဖိနှိပ်မှု ဆက်ရှိနေဆဲ
၉ ဘာသာရေးလွတ်လပ်မှုအခြေအနေ
၁၀ အိုဂျေ ကင်တာနား မြန်မာပြည် ရောက်ရှိ

- အိုးအိမ်မှ ဖယ်ရှားခံရသူများ

၁၀ ပြည်တွင်းအိမ်ယာပြောင်းရွှေ့ခံရသူ များနှင့် ဒုက္ခသည်များ အခြေအနေ ဆိုး ရွား

- နိုင်ငံတကာရေးရာ

၁၀ အမေရိကန်စီးပွားရေးပိတ်ဆို့မှု လျှော့ချပေး
၁၁ သမ္မတသိန်းစိန် ထိုင်းနိုင်ငံ ရောက်ရှိ
၁၁ အာဆီယံစောင့်ကြည့်ခံရမှုမှ မြန်မာလွတ်မြောက်
၁၁မြန်မာ့အလားအလာမကောင်းလှသေးဟု အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ် သုံးသပ်
၁၂ ဗြိတိန် အမေရိကန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့များ
၁၂ အခြား မြန်မာပြည်ဆိုင်ရာ သတင်းများ
၁၅ အစီရင်ခံစာများ

ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်း

အစိုးရက သတင်းထောက်များနှင့် နိုင်ငံတကာအကဲခတ်ပုဂ္ဂိုလ်များအား ကန့်သတ်ပိတ်ပင်မှုများ လုပ်သော်ငြားလည်း၊ ရိုဟင်ဂျာများအပေါ် လူမျိုး ခွဲခြားဆက်ဆံမှုများဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် နေရာဒေသများသို့ ကြိုးစားသွားရောက်၍ လွတ်လပ်သည့် သတင်းပေးပို့ချက်များ ပေးပို့နိုင်ခဲ့သည်။ သမ္မတဦးသိန်းစိန်၏ ဇွန်လ(၁၀) ရက်နေ့တွင် ထုတ်ပြန်သော ရခိုင်ပြည်နယ်အရေးပေါ်အခြေအနေကြေညာချက်ထွက်ရှိပြီးနောက်၊ ရိုဟင်ဂျာများအပေါ် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများတွင် အစိုးရပိုင်းက ကိုယ်တိုင်လက်ရောက် ပါဝင်ပတ်သက်လျှက်ရှိသော လွတ်လပ်သည့် သတင်းမှတ်တမ်း ပေးပို့ချက်များပေါ်ထွက်ခဲ့သည်။**[ဇွန်လ ၂၀၁၂ ထုတ် မြန်မာသတင်းလွှာကိုကြည့်ပါ]** ထိုသတင်းပေးပို့ချက်များတွင် စစ်တပ်၊ ရဲအဖွဲ့၊ နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးကွပ်ကဲရေးဌာန (နစက) စသည်တို့မှ တာဝန်ရှိသူများလည်း လူ့အခွင့်အရေးချိုးဖေါက်မှု များကျူးလွန်ခဲ့ကြောင်း ပါဝင်သည်။ ယင်းကျူးလွန်မှုများတွင် ဥပဒေမဲ့သတ်ဖြတ်မှုများ၊ ဥပဒေမဲ့လူအစုလိုက်ဖမ်းဆီးမှုများ၊အမျိုးသမီးများအားမတရားပြုကျင့်မှုများနှင့် အိုးအိမ်ဥစ္စာပစ္စည်းများကို ဖျက်ဆီးမှုများပါဝင်သည်။

ဇူလိုင်လအတွင်း မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ ရိုဟင်ဂျာတို့အပေါ် အစိုးရပိုင်းတာဝန်ရှိသူတို့က လူ့အခွင့်အရေးချိုးဖေါက်မှုများလုပ်ခဲ့သည်။ ၎င်းတို့အနက် ဥပဒေမဲ့ ဖမ်းဆီးမှု ၁၆၈ မှု ၊ ဥပဒေမဲ့သတ်ဖြတ်မှု ၁၁ မှု၊ ညှင်းပမ်းနှိပ်စက်မှု၊ အဓမ္မနေရာပြောင်းရွှေ့မှုနှင့် အိုးအိမ်ဥစ္စာပစ္စည်းများကို ဖျက်ဆီးမှုများပါဝင်သည်။

ရိုဟင်ဂျာများအပေါ် လူမျိုး ခွဲခြားဆက်ဆံမှုများဖြစ်ပွားစေရန် အစိုးရက အားပေးခဲ့သည်။

ရခိုင်ပြဿနာအကျပ်အတည်းကို လူမျိုးဘာသာမခွဲခြားဘဲ တရားမျှတစွာ စီမံကိုင်တွယ်ဖြေရှင်းရမည့်အစား၊ သမ္မတဦးသိန်းစိန်နှင့် ထိပ်ပိုင်းအစိုးရခေါင်းဆောင်များသည် ရိုဟင်ဂျာများအပေါ် လူမျိုး ခွဲခြားဆက်ဆံမှုများဖြစ်ပွားစေမည့် ကြေညာချက်ထုတ်ပြန်၍ မီးလောင်ရာလေပင့် လုပ်ခဲ့သည်။ သို့သော်လည်း အစိုးရသည် ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေး ချိုးဖေါက်မှုများ မရှိခဲ့ကြောင်း အခိုင်အမာငြင်းဆိုခဲ့သည်။

• ၁၁ ဇူလိုင်။ ။ သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ် လူမျိုးရေးခွဲခြားမှုအရေးကိစ္စကို ဖြေရှင်းရေးအတွက် ရိုဟင်ဂျာများအား တတိယနိုင်ငံများသို့ ပို့ခြင်း (သို့မဟုတ်) ကုလသမဂ္ဂကြီးကြပ်သည့် ဒုက္ခသည်စခန်းများသို့ ပြောင်းရွှေ့နေရာချထားခြင်း လုပ်ရန် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီယို ဂတ်တားရက်စ် အား ပြောကြားခဲ့သည်။ မြန်မာအစိုးရ၏ ကာလကြာမြင့်စွာ ကိုင်စွဲထားခဲ့သော "ရိုဟင်ဂျာသည် တရားမဝင်ခိုးဝင်လာသူများသာဖြစ်သည်"ဆိုသော အချက်ကို သမ္မတ ဦးသိန်းစိန်က ထပ်မံပြောကြားခဲ့သည်။

• ၃၀ ဇူလိုင်။ နယ်စပ်ရေးရာဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးသိန်းဌေးက မြန်မာအစိုးရသဘောထားကို ထပ်မံပြောကြားရာ၌၊ ရိုဟင်ဂျာတို့တွင် မြန်မာနိုင်ငံသားဖြစ်ခွင့် တောင်းဆိုပိုင်ခွင့်မရှိဟု ဆိုသည်။

• ၃၀ ဇူလိုင်။ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်က ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သည်ဆိုသော သတင်းပေးပို့ချက်များအား ပယ်ချခဲ့သည်။ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးပြန်လည်ဖြစ်ထွန်း လာစေရန် အစိုးရအာဏာပိုင်တို့အနေဖြင့် အစွမ်းကုန်ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ဟု ဝဏ္ဏမောင်လွင်က ဆိုသည်။ ရခိုင်ပြဿနာသည် ဘာသာရေးဖိနှိပ်မှုနှင့် ခွဲခြားဆက်ဆံမှုတို့မှ အစပျိုး ဖြစ်ပေါ်သည် ဆိုသည့်အချက်ကိုလည်း ဝဏ္ဏမောင်လွင်က ငြင်းဆိုသည်။

• ၃၀ ဇူလိုင်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းကောင်စာရင်းကောက်ယူရာတွင် ရိုဟင်ဂျာများကို ထည့်သွင်းစာရင်းကောက်ယူမည်မဟုတ်ဟု လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ခင်ရီက ပြောကြားသည်။ ရခိုင်မငြိမ်သက်မှုကိစ္စနှင့်စပ်လျဥ်း၍ ကုလသမဂ္ဂက လွတ်လပ် မြင်သာသည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဆော်သြချက်ကိုလည်း ခင်ရီက ပယ်ချခဲ့သည်။

ရခိုင်တွင် ပြည်တွင်းရွှေ့ပြောင်းနေရာချထားခံရသူ (၁၀၄,၀၀၀) ဦး အရေးပေါ်အကူအညီလိုအပ်နေ၊ အကူအညီပေးရေးဝန်ထမ်းများ ထိန်းသိမ်းခံနေရဆဲ။

ဇူလိုင်လ (၁၉)ရက်နေ့တွင် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာရုံး က ရခိုင်ပြည်နယ်မြောက်ပိုင်း မတည်ငြိမ်မှုကြောင့် ရွှေ့ပြောင်းနေရာချထားခံရသူ (၁၀၄,၀၀၀) ဦး ရှိသည်ဟု ထုတ်ပြန်ခဲ့သည်။ ရွှေ့ပြောင်း နေရာချထားခံရသအများစုသည် ထောက်ပံ့သည့် စားနပ်ရိက္ခာအပေါ်တွင် လုံး၀ မှီခိုအားထားနေရပြီး၊ အခြေအနေဆိုးများဖြင့် ကြုံတွေ့နေရကာ။ "အမိုးမဲ့အကျဉ်းထောင်များ" ဟု တင်စားခေါ်ကြသည့် ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရသည်။ အစိုးရက အကူအညီပေးရေးအဖွဲ့များ၏ လုံခြုံရေးကို အာမခံလျှက်၊ လွတ်လပ်သည့် တိုက်ရိုက် အကူအညီပေးရေး လမ်းကြောင်းကို ခွင့်မပြုပါက၊ ရွှေ့ပြောင်းနေရာချထားခံရသူတို့ အခြေအနေပိုမိုဆိုးလာဖွယ်ရှိသည်ဟု အကူအညီပေးရေး အဖွဲ့များက နှိုးဆော်ထားသည်။ အကူအညီပေးရေး အဖွဲ့များအား ရွှေ့ပြောင်းနေရာချထားခံရသူတို့ကို ကူညီခွင့်ပေးနိုင် ရန် အစိုးရက မစီစဉ်ပါက၊ ရခိုင်ပြည်နယ် နေရာဒေသအချို့တွင် ဒုတိကအကြိမ် ဂမ်းနည်းကြေကွဲဖွယ်အဖြစ်မျိုး ထပ်မံ ကြုံတွေ့နိုင်သည်ဟု နယ်စည်းမခြားဆရာဝန်များအဖွဲ့(Médecins Sans Frontières-MSF) သတိပေးနှိုးဆော်ထားသည်။

အစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအကူအညီပေးရေးအဖွဲ့များမှ အကူအညီပေးရေးဝန်ထမ်းများကို မတည်မငြိမ်ဖြစ်ပွားဉ်အတောတွင်း ဖမ်းဆီးထားခဲ့သည်။ ဇူလိုင်လ (၁၀)ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထိန်းသိမ်းခံထားရသူ (၃)ဦးကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်တရားရုံးတွင် ရုံးထုတ်ခဲ့သည်။ ၎င်း တို့ (၃)ဦးသည် ရခိုင်အရေးနှင့် စပ်လျဥ်း၍ ပါ၀င်ပတ်သက်မှုရှိကြောင်း သက်သေအထောက်အထား ခိုင်လုံစွာရှိသည် ဟု နယ်စပ်ရေးရာဝနကြီး ဒု-ဗိုလ်ချုပ်ကြီးသိန်းဌေးက ဇူလိုင်လ (၃၀)ရက်တွင် ပြောဆိုခဲ့သည်။

ဘင်္ဂလားဒက်ရှ်နိုင်ငံက ရိုဟင်ဂျာများကို ဆက်လက် တွန်းထုတ်နေ

ဇူလိုင်လထဲတွင် ဘင်္ဂလားဒက်ရှ်နိုင်ငံအာဏာပိုင်တို့က ရခိုင်မတည်ငြိမ်မှုကြောင့် ထွက်ပြေးခိုလှုံလာသည့် ရိုဟင်ဂျာများကို လက်မခံဘဲ ဆက်လက် တွန်းထုတ်လျှက်ရှိသည်။ သီတင်းပတ်တိုင်း လှေစင်းလုံးပြည့် ရိုဟင်ဂျာဒုက္ခသည်များ ၀င်ရောက် လာ နေဆဲဖြစ်သည်ဟု ဘင်္ဂလားဒက်ရှ် အရာရှိများကပြောသည်။ ဘင်္ဂလားဒက်ရှ်နိုင်ငံအာဏာပိုင်တို့က ၎င်းတို့ကို တဦး တယောက်မျှ နိုင်ငံအတွင်း၀င်ခွင့် မပေးပါ။ ဇူလိုင်လနှောင်းပိုင်းတွင် ဘင်္ဂလားဒက်ရှ်နိုင်ငံ ၀န်ကြီးချုပ် ရှိတ်ဟာဆီနာ က သူမ၏ နိုင်ငံသည် လူဦးရေပိုလျှံလွန်ကဲနေသည့်အတွက်၊ နောက်ထက် ဒုက္ခသည်များ လက်မခံနိုင်ဟု ပြောခဲ့သည်။

ရခိုင်ပြည်နယ် မငြိမ်သက်မှုအတွက် နိုင်ငံတကာက စိုးရိမ်မှုများဖြစ်ရကြောင်း ပြောဆိုသံများထွက်ပေါ်လျှက်ရှိ

ဇူလိုင်လအတွင်း၊ ဆက်လက်ဖြစ်ပွားနေသော ရခိုင်ပြည်နယ်အရေးကိစ္စတွင်၊ ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေး ချိုးဖေါက်မှုများ၊ ဘင်္ဂလားဒက်ရှ်နိုင်ငံက ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ နိုင်ငံတကာက စိုးရိမ်မကင်း ဖြစ်ရကြောင်း ပြောဆိုသံများထွက်ပေါ်ခဲ့သည်။

• ၁၃ ဇူလိုင်။ ။ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင် ပစ်ဆူဝမ် သည် ရိုဟင်ဂျာကိစ္စနှင့် ပတ်သက်၍ မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်၊ ဘင်္ဂလားဒက်ရှ် နိုင်ငံခြား ရေးဝန်ကြီး ဒီပု မိုနီ တို့နှင့်အတူ ၄၅ ကြိမ်မြောက် အာဆီယံ ဝန်ကြီးများအစည်းအဝေး (AMM) တွင် တင်သွင်းဆွေးနွေးခဲ့သည်။ အာဆီယံအဖွဲ့အနေဖြင့် ရိုဟင်ဂျာတို့၏ ဆင်းရဲဒုက္ခ ပြဿနာကို နားမျက်စိဖွင့်ကာ စောင့်ကြည့်နေမည်ဖြစ်ကြောင်း ဆူရင်ပစ်ဆူဝမ်က ပြောခဲ့သည်။ ရိုဟင်ဂျာတို့

• ၁၆ ဇူလိုင်။ အာဆီယံပါလီမန်အမတ်များ မြန်မာနိုင်ငံဆိုင်ရာ အလုပ်အဖွဲ့ ASEAN Inter-Parliamentary Myanmar Caucus (AIPMC) ရခိုင်ပြည်နယ် မငြိမ်သက်မှုအတွက် လွန်စွာပူပန်မိကြောင်း ပြောဆိုသည်။ ထို့ပြင် သမ္မတ ဦးသိန်းစိန်၏ ရခိုင်ပြဿနာ ဖြေရှင်းချက်နှင့် ပတ်သက်၍လည်း စိုးရိမ်မိကြောင်း ပြောသည်။

• ၁၉ ဇူလိုင်။ ဘင်္ဂလားဒက်ရှ်နိုင်ငံအာဏာပိုင်တို့က ရခိုင်မတည်ငြိမ်မှုကြောင့် ထွက်ပြေးခိုလှုံလာသည့် ရိုဟင်ဂျာများကို လက်မခံဘဲ တွန်းထုတ်သည့် လုပ်ရပ်အပေါ် အမေရိကန် အောက်လွှတ်တော်အမတ် ဂျိုးဇက် ကရောင်လီ က စိုးရိမ်မှုဖြစ်ရ ကြောင်း ပြောသည်။

• ၂၅ ဇူလိုင်။ ရိုဟင်ဂျာအရေးကိစ္စနှင့် ပတ်သက်၍ စက်တင်ဘာလ ကုသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက မည်သို့ရှင်းပြမည်ကို အာဆီယံအဖွဲ့အနေဖြင့် မြန်မာအစိုးရအားမေးမြန်းခဲ့ကြောင်း၊ အာဆီယံအထွေထွေအတွင်းရေးမှူး ချုပ် ဆူရင် ပစ်ဆူဂမ် ကပြောသည်။
• ၂၆ ဇူလိုင်။ ကုသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ဗီဂျေနမ်ဗီးယားကလည်း ဆက်လက်ဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် မငြိမ်သက်မှုအတွက် လွန်စွာပူပန်မိကြောင်း ပြောဆိုသည်။ ၎င်းအရေးကိစ္စနှင့်စပ်လျဉ်း၍ "လွတ်လပ်မြင်သာသောစုံစမ်းစစ်ဆေးမှု" ပြုလုပ်ရန် ဗီဂျေနမ်ဗီးယားက တိုက်တွန်းခဲ့သည်။
• ၂၆ ဇူလိုင်။ ဥရောပကော်မရှင်ကလည်း ရခိုင်ပြည်နယ် အကြမ်းဖက်မှုအတွက် လွန်စွာပူပန်မိကြောင်း ကြေညာချက်တခု ထုတ်ပြန်သည်။ ထုတ်ပြန်ကြေချက်တွင် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းအသီးသီးက ဒုက္ခသည်များထံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရောက်ရှိရေး ခွင့်ပြုကြရန် ပန်ကြားထားသည်။
• ၂၇ ဇူလိုင်။ ကုသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ဗီဂျေနမ်ဗီးယားကလည်း ဆက်လက်ဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် မငြိမ်သက်မှုအတွက် လွန်စွာပူပန်မိကြောင်း ပြောဆိုသည်။ ၎င်းအရေးကိစ္စနှင့်စပ်လျဉ်း၍ "လုံးဝလွတ်လပ်သောစုံစမ်းစစ်ဆေးမှု" ပြုလုပ်ရန် ဗီဂျေနမ်ဗီးယားက တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအား ပြုမူဆက်ဆံပုံနှင့်ပတ်သက်၍ အစ္စလမ်ဘာသာအဖွဲ့အစည်းများနှင့် အစ္စလမ်နိုင်ငံများကလည်း ပြင်းထန်သည့် တုန့်ပြန်ပြောဆိုမှုများလုပ်ကြသည်။ Organization of the Islamic Conference (OIC) အစ္စလမ်ဘာသာရေးဆိုင်ရာ နိုးနှောဖလှယ်ရေးအဖွဲ့ချုပ်၊ အင်ဒိုနီးရှား၊ တူရကီ၊ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) ၊ ကူဝိတ်၊ အီရန်၊ ပါကစ္စတန် နှင့် တူနီရှားနိုင်ငံများကလည်း ရိုဟင်ဂျာတို့အပေါ် လူ့အခွင့်အရေးချိုးဖေါက်မှု အရေးကိစ္စ အတွက် စိုးရိမ်ကြောင်းပြောကြား၍၊ နိုင်ငံတကာပါဝင်ပတ်သက်မှုလိုအပ်ကြောင်းပြောဆိုသည်။ တချိန်တည်းတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း(၃၂) ခုက ကြေညာချက်တစောင် ထုတ်ပြန်သည်။ထိုကြေညာချက်တွင် မြန်မာနိုင်ငံ၏(၁၉၈၂)ခုနှစ် နိုင်ငံသားဥပဒေကို ပြန်ပြင်ရေးဆွဲရန်၊ ဥပဒေ အသစ်ရေးဆွဲရာ၌ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းပေါ်တွင် ခြေပြုရေးဆွဲရန် တောင်းဆိုထားသည်။

မြန်မာပြည်တွင်း သတင်းများ

ပါလီမန်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိရောက်သည့် ဆောင်ရွက်ချက်များ

ဇူလိုင်လ(၄)ရက်နေ့တွင် သတင်းထောက်များအားစည်းကမ်းတင်းကျပ်ထားချိန်အတွင်း၊ပြည်ခိုင်ဖြိုးပါတီ လွှမ်းမိုးသော ပါလီမန်တွင် စတုတ္ထအကြိမ်အစည်းအဝေးစတင်ကျင်းပသည်။ ဇူလိုင်လ(၉)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် သည် သူမ၏ ပထမဦးဆုံး ပါလီမန်အစည်းအဝေးတက်ရောက်မှု ပြုခဲ့သည်။ ပါလီမန်တွင် အကျိုးရှိ သည့် ဆွေးနွေးငြင်းခုံမှု များ မပြုခြင်းအတွက် စိတ်ပျက်ရမည့်အစား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များသည် အရေးကြီး ပြဿနာများကို တင်ပြကြသည်။ ထိုသို့တင်ပြရာတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို အကာအကွယ်ပေးရေး နှင့် ကောင်းမွန်သော အစိုးရဖြစ်ထွန်းရေး ကိစ္စများပါဝင်သည်။
• ၂၅ ဇူလိုင်။ ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်တွင် ပထမဆုံးအကြိမ်စကားပြောဆိုခဲ့ရာတွင် ပင်လုံစိတ်ဓါတ်နှင့် တန်းတူညီမျှရေးအခြေခံဖြင့်တည်ဆောက်မည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက်၊ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကို အကာအကွယ်ပေးရေးဥပဒေများကို လက်ခံအတည်ပြုပေးရန်တောင်းဆိုခဲ့သည်။
• ၂၅ ဇူလိုင်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးဟင်းမြင့်က နိုင်ငံတော်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ အစိုးရဝန်ကြီးများ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို အများပြည်သူသိရှိအောင် ထုတ်ဖေါ်ကြေညာသင့်ကြောင်း အဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သည်။
လက်ရှိကျင်းပနေသည့် လွှတ်တော်တွင် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ပြင်ဆင်ရန် အတိုက်အခံ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုချက်များအား၊ အစိုးရကိုယ်စားလှယ်များက ကန့်ကွက်ပယ်ချခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာရန်နှင့် စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေး

အပါအဝင် အစိုးရ၏ နိုင်ငံရေးအစီအစဉ်အဆိုပြုချက်တို့ကို အတည်ပြုခဲ့သည်။ ၎င်းပြင် အစိုးရသည် ခနခနရွှေ့ဆိုင်းခဲ့သော မီဒီယာဥပဒေကို မိတ်ဆက်တင်ပြရန် ပျက်ကွက်ခဲ့သည်။
• ၁၀ ဇူလိုင်။ အမျိုးသားဒီမိုကရေစီသစ်ပါတီ လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က တရားရုံးကို မထီမဲ့မြင်ပြုမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ၊ နိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စားလှယ် ဦးစိုးညွန့်က ပယ်ချခဲ့သည်။ အစိုးရအဖွဲ့သည် တရားရုံးကို မထီမဲ့မြင်ပြုမှုဥပဒေအသစ်တခု ရေးဆွဲလျှက်ရှိသည့်အတွက် ဦးသိန်းညွန့်၏ ဥပဒေကြမ်းကို တင်သွင်းရန်မလိုအပ်တော့ကြောင်း ပြောကြားခဲ့သည်။
• ၁၃ ဇူလိုင်။ ရှမ်းအမျိုးသာဒီမိုကရေစီပါတီ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု က စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေး အတွက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းသည့်အဆိုကို လွှတ်တော်က အတည်ပြုပေးခဲ့သည်။
• ၁၆ ဇူလိုင်။ ဇူလိုင် (၁၀)ရက်နေ့စွဲဖြင့် သမ္မတဦးသိန်းစိန်ထုတ်ပြန်သော ရခိုင်ပြည်နယ် အရေးပေါ် အခြေအနေ ကြေညာချက် အမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့သည်။
• ၁၇ ဇူလိုင်။ အမျိုးသားဒီမိုကရေစီသစ်ပါတီ လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က တင်သွင်းသော တရားမဝင် အဖွဲ့အစည်းဆိုင်ရာဥပဒေကို ပြင်ဆင်ရန် အဆိုအား၊ ပြည်ထဲရေးဒု-ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ကန့်ကွက်သော်လည်း၊ ပြည်သူ့လွှတ်တော်က အဆိုကိုဆွေးနွေးရန် လက်ခံကြောင်းဆုံးဖြတ်ခဲ့သည်။

- **မြင့်ဆွေ ဆိုတာ ဘယ်သူလဲ။**
- မြင့်ဆွေသည် မွန်လူမျိုးဖြစ်သည်။ မကြာသေးခင်နှစ်များက သတင်းထောက် သတင်းမီဒီယာများအား ပစ်မှတ်ထားသည့် ရန်လိုမှုများကြောင့် နာမည်ရ ထင်ရှားလာသူဖြစ်သည်။
- **၁၉၇၃** - စစ်တက္ကသိုလ် အပတ်စဉ် (၁၅) ကျောင်းဆင်းဖြစ်သည်။
- **၁၉၉၇** - ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခံရသည်။ တပ်မမှူး ခြေမြန်တပ်မ (၁၁) ဖြစ်လာသည်။
- **၂၀၀၁** - နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်ဖြစ်လာသည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ရာထူးရသည်။ ဗိုလ်ချုပ် ရာထူးသို့တိုးမြှင့်ခံရသည်။
- **၂၀၀၄** - နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှ ဖယ်ရှားရာတွင် အဓိကနေရာမှ ပါခဲ့သည်။ စစ်ထောက်လှမ်းရေး အကြီးအကဲအဖြစ် ရာထူးတိုးသည်။
- **၂၀၀၅** - ဒုတိယဗိုလ်ချုပ်ကြီး ရာထူးသို့ တိုးမြှင့်ခံရသည်။
- **၂၀၀၆** - အထူးစစ်ဆင်ရေးအမှတ်(၅) တာဝန်ခံဖြစ်လာသည်။
- **၂၀၀၇** - ရွှေဂါရောင်တော်လှန်ရေး သံဃာတော်များအားဖြိုခွဲရာတွင် ပါဝင်သည်။
- **၂၀၀၉** - စစ်ထောက်ချုပ် ဖြစ်လာသည်။
- **၂၀၁၀** - စစ်တပ်မှ အနားယူသည်။ စစ်တပ်ကျောထောက် နောက်ခံ ပြည်ခိုင်ဖြိုးပါတီဝင်ဖြစ်လာသည်။ ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည်။
- ၂၀၁၁ - ရန်ကုန်တိုင်းအစိုးရ ဝန်ကြီးချုပ်ဖြစ်လာသည်။

ဒုတိယ သမ္မတ ဘယ်သူဖြစ်မှာလဲဟု ပြောဆို ထင်မြင်မှုများ ဖြစ်ပွားနေ

ဒုတိယ သမ္မတ တင်အောင်မြင့်ဦး နှုတ်ထွက်သွားပြီးနောက်၊ (၃)လခန့် ကြာသည်အထိ ၎င်းရာထူးနေရာ လစ်လပ်နေခဲ့သည်။ ဒုတိယ သမ္မတ တင်အောင်မြင့်ဦး နှုတ်ထွက်သွားပြီဖြစ်ကြောင်း၊ သမ္မတ ဦးသိန်းစိန်၏ ဇူလိုင်(၁)နေ့စွဲပါ အတည်ပြုချက်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ခင်အောင်မြင့်က ဇူလိုင်လ (၄)ရက်နေ့တွင် ဖတ်ကြားကြေညာသည်။

ဇူလိုင်လ(၁၀)ရက်နေ့တွင် စစ်တပ်က ခန့်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အစုက တင်အောင်မြင့်ဦးနေရာတွင် ဒုတိယ သမ္မတအဖြစ် အစားထိုးခန့်ထားရန် ရန်ကုန်တိုင်းအစိုးရ ဝန်ကြီးချုပ်မြင့်ဆွေအား အမည်စာရင်းတင်သွင်းသည်။ မြင့်ဆွေသည် ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ္စာခံဖြစ်သည်။ - ခေါင်းမာဂိုဏ်းသားအုပ်စုမှ လူ တဦးအား ဒုတိယ သမ္မတလောင်းအဖြစ်နာမည်စာရင်းတင်သွင်းလာမည်ကို မလိုလားသူများ စိတ်ပျက်ကုန်ကြသည်။ သို့သော် မြင့်ဆွေအား ဒုတိယ သမ္မတရာထူးအရည်အချင်းအတွက် ပြည့်စုံမှုရှိ၊ မရှိ။ စိစစ်သည့် အစီအစဉ်မှာ ဖင့်လေးလျှက်ရှိသည်။ အစိုးရသတင်းများအရ မြင့်ဆွေ၏သားတယောက်သည် နိုင်ငံခြားတိုင်းပြည်တခုတွင် နိုင်ငံသားခံယူထားသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရည်အချင်းပျက်ယွင်းသည်ဟု ဆိုသည်။ ဇူလိုင်လ(၃၁)ရက်နေ့ အထိ မြင့်ဆွေ၏ အမည်ကို အတည်ပြုရန် ပါလီမန်အစည်းအဝေးကျင်းပခြင်း မရှိပေ။

ကချင်ပြည်နယ်မှ သနားညှာတာစိတ်ကင်းမဲ့သော စစ်ပွဲ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအတွင်း၊ အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား စစ်ပွဲ ဆက်လက်ဖြစ်ပွားနေသည်မှာ ဇူလိုင်လတွင် (၁၃)လ ပြည့်ပြီဖြစ်သည်။ အစိုးရတပ်က အရပ်သားများကို ကချင်လွတ်လပ်ရေး တပ်မတော်နှင့် ဆက်သွယ်သည်ဟူသော သံသယဖြင့် ဥပဒေမဲ့ဖမ်းဆီးမှုများဆက်လက်ဖြစ်ပေါ်နေသည်။

- ၁ ဇူလိုင်။ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် ပန်ဆိုင်းအရပ်၌ အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော်တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။
- ၁ ဇူလိုင်။ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် ပန်ဆိုင်းအရပ်၌ အစိုးရတပ်က အရပ်သား(၂၇)ယောက်ကို ကချင် လွတ်လပ်ရေးတပ်မတော်နှင့် ဆက်သွယ်သည်ဟူသော သံသယဖြင့် ဖမ်းဆီးခဲ့သည်။
- ၆ ဇူလိုင်။ ကချင်ပြည်နယ် မန်စီမြို့နယ် ဟခလမ်ကျေးရွာ ရဲစခန်းကို ကချင်လွတ်လပ်ရေး တပ်မတော်က စီးနင်း တိုက်ခိုက်ရာ ရဲအဖွဲ့ဝင်(၄)ဦး ကျဆုံးသည်။
- ၆-၇ ဇူလိုင်။ ကချင်ပြည်နယ် မိုးမောက်မြို့နယ် လိုင်ဇာဒေသပတ်ဝန်းကျင်အား အစိုးရတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်သည်။ ထိုသို့ ပစ်ခတ်မှု မပြုမီ လိုင်ဇာဒေသခံ ရွာသား(၁၀)ယောက်ကို ဖမ်းဆီးခဲ့သည်။
- ၈ ဇူလိုင်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းနှင့် မူဆယ်အကြား ကားလမ်းပေါ်တွင် အစိုးရတပ် စစ်ယာဉ်တန်းကို ကချင်လွတ်လပ်ရေးတပ်မတော်က ခြုံခိုတိုက်ခိုက်ရာ အစိုးရတပ်သား(၂)ဦးကျဆုံးသည်။
- ၁၅ ဇူလိုင်။ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မုံးကိုး အနီး အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော်တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။

၁၇ ဇူလိုင်။ ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် အတွင်း အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် တို့အကြားတိုက်ပွဲဖြစ်ပွားရာ အစိုးရတပ်သား (၈)ယောက် ကျဆုံးခဲ့သည်။

- ၂၄ ဇူလိုင်။ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်အကြား၊ ဘန်ကွမ်မူ၌ ကချင်လွတ်လပ်ရေးတပ်မတော် တပ်ရင်း(၂၄) က ဗုံးခွဲတိုက်ခိုက်ရာတွင် အစိုးရတပ်သား (၅)ဦးကျဆုံးသည်။
- ၂၄ ဇူလိုင်။ ကချင်ပြည်နယ် ဖါးကန့်မြို့နယ် ကာမိုင်းအရပ်တွင် ကချင်လွတ်လပ်ရေးတပ်မတော် တပ်ရင်း(၆)နှင့် အစိုးရ တပ်မတော်တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။
- ၂၅ ဇူလိုင်။ ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဆင်လမ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် စစ်စခန်း(၂)ခုကို အစိုးရ ခြေမြန်တပ်ရင်း(၄၂၅)က အင်အားအလုံးအရင်းဖြင့် စီးနင်းတိုက်ခိုက်ခဲ့သည်။

အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့(KIO) တို့ ဇူလိုင်လတွင် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခြင်း မရှိခဲ့။ ဇူလိုင်လ (၉)ရက်နေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ဆွေးနွေးရန် အစိုးရ၏ ကမ်းလှမ်းချက်ကို (KIO)က လက်မခံခဲ့ပေ၊ ယင်းနေရာဒေသ မှာ အစိုးရတပ်ထိန်းချုပ်မှုအောက်တွင် ရှိနေသဖြင့်ဖြစ်သည်။ အစိုးရက စစ်ဆင်ရေးတိုးမြှင့်ပြုလုပ်နေခြင်းသည် ဆွေးနွေးပွဲ ဆက်လက်ကျင်းပရန် လိုအပ်သည့် ယုံကြည်မှုရေချိန်ကို လျော့ချရာရောက်သည်ဟု ကချင်လွတ်လပ်ရေးအဖွဲ့(KIO) က ဝေဖန် ထောက်ပြသည်။

ရှမ်းပြည်နယ်တွင် အစိုးရတပ်က ထိုးစစ်အရှိန်တိုးမြှင့်လျှက်ရှိ

အစိုးရ တပ်မတော်နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (တောင်ပိုင်း)၊ ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (မြောက်ပိုင်း) တို့အကြား ဇူလိုင်လတွင် တိုက်ပွဲများ ဆက်လက်ဖြစ်နေသည်။

- ၃၀ ဇွန် မှ ၃ ဇူလိုင်။ ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (မြောက်ပိုင်း)အား အစိုးရတပ်က (၄)ရက်ဆက်တိုက် စစ်ဆင်တိုက်ခိုက်ခဲ့သည်။ ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် ကွန်မိုင်ဟွန်း၌ ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (မြောက်ပိုင်း) SSA-North အား အစိုးရက တပ်ရင်း(၁၀)ရင်းဖြင့်တိုက်ခဲ့သည်။ အဂေးပစ် မော်တာလက်နက်များသုံး၍ တိုက်ခဲ့သည်။ တိုက်ပွဲ ကြောင့် မိုင်းရှူးမြို့နယ်တွင် အိုးအိမ်ပစ်ခွာထွက်ပြေးရသူ အရပ်သူအရပ်သား(၃၀၀) ခန့်ရှိသည်။
- ၃ ဇူလိုင်။ အစိုးရ တပ်များဖြစ်သည့် ခြေလျင်တပ်ရင်း (၃၃)၊ (၁၃၆)၊ ခြေမြန်တပ်ရင်း(၃၂၆) တို့သည် ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်တွင် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (မြောက်ပိုင်း)အား တိုက်ခိုက်ခဲ့သည်။

• ၁၈ ဇူလိုင်။ အစိုးရ ခြေလျင်တပ်ရင်း (၄၁)နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (မြောက်ပိုင်း)တပ်တို့ ရှမ်းပြည်နယ် သီပေါမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည်။ အစိုးရတပ်က လမ်းပြအဖြစ် ခေါ်ဆောင်လာသူ အရပ်သားတဦး တိုက်ပွဲအတွင်း ထိမှန်သေဆုံးသည်။

• ၂၂ ဇူလိုင်။ ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်(တောင်ပိုင်း)၏ ရှမ်းပြည်နယ် မိုင်းပျင်းမြို့နယ်ရှိ မိုင်ပုအနှ် အခြေခံစခန်း အား အစိုးရ ခြေမြန်တပ်ရင်း(၃၂၆)က တိုက်ခိုက်သည်။

• ၃၀ ဇူလိုင်။ ရှမ်းပြည်နယ် နန်းစန်းမြို့နယ် လွိုင်ယဲ တွင် အစိုးရတပ်နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်(တောင်ပိုင်း) တပ်တို့တိုက်ပွဲဖြစ်ပွားသည်။

• ၃၁ ဇူလိုင်။ ရှမ်းပြည်နယ် မိုင်းပန်မြို့နယ် နောင်လား အရပ်တွင် အစိုးရတပ်နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (တောင်ပိုင်း) တပ်တို့တိုက်ပွဲဖြစ်ပွားသည်။

မြေယာအဓမ္မသိမ်းယူမှုဆန့်ကျင်ဆန္ဒပြပွဲများ တိုးမြင့်ဖြစ်ပေါ်

ဇူလိုင်လတွင် လယ်သမားများက သူတို့၏ မြေယာများ အဓမ္မသိမ်းယူခံရမှုများနှင့် ပတ်သက်၍ ဆန္ဒပြမှုများ တိုးမြှင့်လုပ်ဆောင် ခဲ့ကြသည်။

• ၆ ဇူလိုင်။ မကွေးတိုင်း ပေါက်မြို့နယ်မှ လယ်သမားများက သမ္မတဦးသိန်းစိန်ထံ တိုင်ကြားစာတစောင်ပို့ခဲ့သည်။ စာတွင် ၂၀၀၈ခုနှစ်အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်က လယ်ယာမြေ ဧကပေါင်း(၃၀၀၀၀) သုံးသောင်းခန့် သိမ်းယူခဲ့ခြင်းကိစ္စကို ဖေါ်ပြတိုင်ကြားထားသည်။

• ၁၄-၁၆ ဇူလိုင်။ ရန်ကုန်တိုင်း၊ရွှေပြည်သာ မင်္ဂလာဒုံ လှည်းကူး မြို့နယ်များအတွင်းရှိ ကျေးရွာ(၅)ရွာမှ လယ်သမား(၂၀၀) ခန့်သည် ၂၀၁၀ ခုနှစ်က သိမ်းယူခံရသော ၎င်းတို့၏ လယ်မြေဧက (၁၀၀၀)ကျော် ပြန်လည်ရရှိရေးအတွက် မင်္ဂလာဒုံ မြို့နယ် တွင် ဆန္ဒပြကြသည်။

• ၂၀ ဇူလိုင်။ ရန်ကုန်တိုင်း၊ဒဂုံဆိပ်ကမ်းမြို့နယ် ကျေးရွာ(၅)ရွာမှ လယ်သမား(၁၀၀)ခန့်သည် ရန်ကုန်တိုင်းပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် အောင်သန်းဦးပိုင်ဆိုင်သည့် ကုမ္ပဏီရှေ့၌ ဆန္ဒပြကြသည်။ ၎င်း ကုမ္ပဏီက ၂၀၀၈ ခုနှစ်တွင် သိမ်းယူခဲ့သော လယ်မြေဧက (၁၀၀၀၀)ကျော် ပြန်လည်ရရှိရေးအတွက်ဖြစ်သည်။

• ၂၅ ဇူလိုင်။ မန္တလေးတိုင်း၊ ဂမ်းတွင်းမြို့နယ်တွင် လယ်သမား(၃)ဦး လယ်ထွန်စက်ရှေ့တွင် လှဲအိပ်လျှက် လယ်မြေ မတရားသိမ်းယူမှုကို ဆန္ဒပြခဲ့သည်။ မတရားသိမ်ယူထားသော လယ်မြေကို ကုမ္ပဏီက ၎င်းပိုင်ဆိုင်ကြောင်းပြသသည့်အနေဖြင့် ထွန်စက်ဖြင့် ထွန်ယက်သဖြင့် လယ်သမား(၃)ဦးက ဆန္ဒပြခြင်းဖြစ်သည်။ အာဏာပိုင်တို့ကသိမ်းယူထားသော လယ်မြေများအတွင်းသို့ လယ်သမားများက ကျူးကျော်ချင်နင်းဝင်ရောက်သည်ဟူသည့် စွဲချက်ဖြင့် အစိုးရက လယ်သမားများအား ဆက်လက်တရားစွဲဆိုနေသည်။

• ၁၈ ဇူလိုင်။ မန္တလေးတိုင်း၊ မိတ္ထီလာ၊ မလှိုင်၊ ဂမ်းတွင်း နှင့် သာစည် မြို့နယ်များမှ လယ်သမား(၁၉)ဦးအား ပိုင်နက်နယ်မြေ ကျူးကျော်မှုပုဒ်မဖြင့် အာဏာပိုင်တို့က တရားစွဲသည်ကို ရင်ဆိုင်နေရသည်။ လယ်သမားများထံမှ သိမ်းယူထားသော လယ်မြေ ကို ၎င်းတို့ပိုင်ဆိုင်ကြောင်း အာဏာပိုင်က ပြသည့် သဘောဖြစ်သည်။

• ၁၈ ဇူလိုင်။ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်မှ လယ်သမား (၆)ယောက်အား ကာကွယ်ရေးဝန်ကြီးဌာနက သိမ်းယူထားသော မြေယာပေါ် ပိုင်နက်နယ်မြေ ကျူးကျော်မှုပုဒ်မဖြင့် တရားစွဲသည်ကို ရင်ဆိုင်နေရသည်။

ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ် တင်ထွတ် သည် ဇူလိုင်(၄)ရပ်စွဲဖြင့် လယ်ယာမြေမတရားသိမ်းယူခံရမှုဆိုင်ရာ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့ရန် အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာန ဒု-ဝန်ကြီး အုံးသန်း က ကန့်ကွက်ခဲ့သည်။ သို့သော် အမျိုးသားလွှတ်တော်က အဆိုကို ခွင့်ပြုကြောင်း အတည်ပြုပေးခဲ့သည်။ ဒု-ဝန်ကြီး အုံးသန်း က လွှတ်တော်ကိုယ်စားလှယ်များအား နဝတ/နအဖ လက်ထက်က သိမ်းယူခဲ့သော မြေယာများနှင့် ပတ်သက်၍ ကန့်ကွက်မှုမပြုလုပ်ကြရန်ပြောသည်။ ထို မြေယာကိစ္စများကို အစားထိုးပြင်ဆင် ထားသည့် ဥပဒေဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်မည်ဖြစ်သည်ဟုဆိုသည်။

အာဇာနည်နေ့အခမ်းအနား စည်းမျဉ်းတင်းကျပ်မှုများ

ဇူလိုင်(၁၉)အာဇာနည်နေ့အခမ်းအနားများကို မြန်မာနိုင်ငံနေရာဒေသအများအပြားတွင် တရားဝင်ကျင်းပခွင့် ပေးရမည့်အစား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ ကမကထလုပ်သည့် အာဇာနည်နေ့အောက်မေ့ဖွယ် လူထုအခမ်းအနားများကို အစိုးရက ပိတ်ပင်ဟန့်တားမှုလုပ်ခဲ့သည်

• ၁၀ ဇူလိုင်။ ပဲခူးမြို့ကတွင် အစိုးရအာဏာပိုင်များက၊ ဗိုလ်ချုပ် အောင်ဆန်းရုပ်တုရှေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အဖွဲ့ဝင်များအား စုရုံးခွင့်မပြုရန် ပိတ်ပင်တားမြစ်ခဲ့သည်။
• ၁၁ ဇူလိုင်။ မွန်ပြည်နယ် ရေးမြို့နယ် အစိုးရအာဏာပိုင်များက၊ မြို့နယ်အာဇာနည်ဗိမာန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အဖွဲ့ဝင်များအား အာဇာနည်နေ့အောက်မေ့ဖွယ် လူထုအခမ်းအနားပြုလုပ်ခွင့် ပိတ်ပင်တားမြစ်ခဲ့သည်။
• ၁၈ ဇူလိုင်။ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ အစိုးရအာဏာပိုင်များက မြို့နယ်အာဇာနည်ဗိမာန်တွင် အာဇာနည်နေ့ အောက်မေ့ဖွယ် လူထုအခမ်းအနားပြုလုပ်ရန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် မြို့နယ်အဖွဲ့ဝင်များက လျှောက်ထားသည်ကို ပိတ်ပင်တားမြစ်ခဲ့သည်။ အလားတူ တင်ပြတောင်တိုမှုကို နေပြည်တော်တွက်လည်း ပယ်ချခံခဲ့ရသည်ဟု သတင်းရရှိသည်။
• ဇူလိုင် (၁၉)ရက်နေ့တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင်ကျင်းပသော အာဇာနည်နေ့ အခမ်းအနားသို့ ဒုတိယ သမ္မတ စိုင်းမောက်ခမ်းနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ခဲ့သည်။ ၎င်းနေ့ နောင်းပိုင်းတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရုံးချုပ်တွင် ကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားသို့လည်း ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ခဲ့သည်။

ဒု-ဝန်ကြီးနေရာများ အပြောင်းအလဲလုပ်ခြင်း

ခေါင်းမာဂိုဏ်းသြဇာလွှမ်းမိုးမှုကို လျှော့ချရန် အစိုးရဝန်ကြီးအဖွဲ့အပြောင်းအလဲလုပ်မည်ဟု သတင်းများထွက်ပေါ်နေသော်လည်း၊ ဝန်ကြီးအဖွဲ့အပြောင်းအလဲမဖြစ်ခဲ့ပေ။ ဇူလိုင်လ (၉)ရက်နေ့တွင်မူ သမ္မတဦးသိန်းစိန်သည် ဒုတိယဝန်ကြီး(၆)ယောက်ကို အပြောင်းအရွှေ့ လုပ်ခဲ့သည်။ အောက်ပါ ဇယားအတိုင်းဖြစ်သည်။

အမည်	**ဝန်ကြီးဌာန မှ**	**ဝန်ကြီးဌာန သို့**
ဦးသန့်ရှင်း	မီးရထားဝန်ကြီးဌာန	သမ္မတရုံး
ဦးချန်မောင်	သမ္မတရုံး	မီးရထားဝန်ကြီးဌာန
ဦးဝင်းရှိန်	ပို့ဆောင်ရေးဝန်ကြီးဌာန	ဘဏ္ဍာအခွန်ဝန်ကြီးဌာန
ဦးဟန်ရှိန်	သမ္မတရုံး	ပို့ဆောင်ရေးဝန်ကြီးဌာန
ဦးဝင်းသန်း	ဘဏ္ဍာအခွန်ဝန်ကြီးဌာန	ဆက်သွယ်ရေး စာတိုက်ကြေးနန်း
ဦးမျိုးမြင့်	နိုင်ငံခြားရေးဝန်ကြီးဌာန	ပညာရေးဝန်ကြီးဌာန

လူ့အခွင့်အရေး

အစိုးရက ကျောင်းသားတက်ကြွလှုပ်ရှားသူများအား ဖြိုခွဲခြင်း

ဇူလိုင်လဆန်းပိုင်းတွင် စစ်အစိုးရက ရန်ကုန်တက္ကသိုလ် ကျောင်းသားများအား ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း မပြုနိုင်ရန် နှောင့်ယှက်မှုပေးခြင်း ကျောင်းသားတက်ကြွသူအချို့ကို ထိန်းသိမ်းခြင်းများလုပ်ခဲ့သည်။
• ၅ ဇူလိုင်။ မန္တလေးတိုင်း ရဲအဖွဲ့က မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) အား (၇)ဇူလိုင် အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း မပြုရန် သတိပေးခဲ့သည်။
• ၆ ဇူလိုင်။ အစိုးရအာဏာပိုင်များက ရန်ကုန် မန္တလေးနှင့် နိုင်ငံတပှမ်းနေရာအများအပြားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) အဖွဲ့ဝင်များ ၂ ဒါဇင်ကျော်ကို ထိန်းသိမ်းခဲ့သည်။ ထို ဖမ်းဆီးထိန်းသိမ်းခံရသူများ တွင် ဇန္နဝါရီလအတွင်းက သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ထောင်မှ ပြန်လွတ်ခဲ့သူများပါဝင်သည်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) အဖွဲ့ဝင်များကို ရှာဖွေရန်ဟုဆိုကာ၊ အစိုးရအာဏာပိုင်တို့သည် ၈၈-မျိုးဆက် ကျောင်းသားများအဖွဲ့ ရန်ကုန်ရုံးချုပ် ကို စီးနင်းရှာဖွေခဲ့သည်။.ထို့ပြင် အထိမ်းအမှတ် အခမ်းအနား ကျင်းပရန် စီစဉ်နေသည့် မန္တလေးရှိ ဘုန်းတော်ကြီးကျောင်း တကျောင်းကိုလည်း ရဲနှင့် စစ်သားများ အစောင့်ချထားခဲ့သည်။

ဇူလိုင်(၇)ရက်နေ့တွင် အစိုးရသည် ယမန်နေ့က ထိန်းသိမ်းထားသူအားလုံးကို ပြန်လွှတ်ပေးခဲ့သည်။ အစိုးရ၏ ခြိမ်းခြောက် နှောင့်ယှက်မှုများကို ဖည်ဆန်သည့်အနေဖြင့် ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) အဖွဲ့သည် မန္တလေးတွင် ၁၉၆၂ ခုနှစ် ကျောင်းသားအရေးတော်ပုံ ဖြိုခွဲခံရမှု နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။ ထို့ပြင် ၈၈-မျိုးဆက် ကျောင်းသားများအဖွဲ့ ရန်ကုန်ရုံးချုပ်တွင်လည်း အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့ရာ ပရိသတ် (၃၀၀)ခန့် တက်ရောက် သည်။

နိုင်ငံရေး အကျဉ်းသားများ

၂၅ ယောက်လွတ်မြောက်သည်၊အနည်းဆုံး ၄၄၄ ယောက် ထောင်ထဲတွင်ကျန်နေသေးသည်။

ဇူလိုင်လတွင် ထောင်တွင်း၌ ကျန်ရှိနေသေးသော နိုင်ငံရေး အကျဉ်းသားအားလုံးလွှတ်ပေးရန် ထပ်ဆင့်တောင်းဆိုနေကြ သော်လည်း အစိုးရသည် နေးကွေးစွာပင် အကျဉ်းသားလွှတ်ရေးကိစ္စဆောင်ရွက်နေသည်။

• ၃ ဇူလိုင်။ သမ္မတ ဦးသိန်းစိန်သည် မြန်မာပြည်တဝှမ်း အကျဉ်းထောင်များတွင် ထိန်းသိမ်းထားသော အကျဉ်းသား (၈၀)ကိုလွတ်ငြိမ်းခွင့်ပြုကာလွှတ်ပေးခဲ့သည်။၎င်းတို့အနက်နိုင်ငံရေးအကျဉ်းသား(၂၅)ဦးပါဝင်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် သန့်ဇော်၊ အဖွဲ့ချုပ် ၁၉၉၀ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ကျောင်းသားတက်ကြွလှုပ်ရှားသူ အေးအောင်၊ ကရင်အမျိုးသားတက်ကြွလှုပ်ရှားသူ (၃)ဦး၊ ရခိုင်အမျိုးသား နိုင်ငံရေးလှုပ်ရှားသူ (၂)ဦး၊ နှင့် သတင်းထောက် ဖြိုးဖြိုးအောင် တို့ပါဝင်သည်။

• ၃ ဇူလိုင်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန် တောင်းဆိုလိုက်သည်။

• ၅ ဇူလိုင်။ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးလေ့လာစောင့်ကြည့်သူ မစ္စတာ တောမတ် အိုဂျေ ကင်တာနား ကလည်း ချက်ချင်းနှင့် ချွင်းချက်မရှိ နိုင်ငံရေး အကျဉ်းသားအားလုံးလွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ဇူလိုင်(၃)ရက်နေ့တွင် အကျဉ်းသားအချို့ လွှတ်ပေးခဲ့သော်လည်း၊ အနည်းဆုံး နိုင်ငံရေးအကျဉ်းသား (၄၄၄) ယောက် ထောင်ထဲတွင်ကျန်နေသေးသည်။

သတင်းစာလွတ်လပ်ခွင့် ထိန်းချုပ်ကန့်သတ်မှု ဆက်လက်ရှိနေသေးသည်။

အစိုးရက ဖွန်လကုန်တွင် စာပေစိစစ်ရေးလုပ်ခြင်းကိစ္စ ဖျက်သိမ်းမည်ဟု ပေးထားသည့် ကတိကို ဖေါက်ဖျက်လျှက်၊ သတင်းစာလွတ်လပ်ခွင့်ကို ပိုမိုဖိနှိပ်မှုများ ပြုလုပ်လာသည်။

• ၁၃ ဇူလိုင်။ ရန်ကုန်တိုင်းဂျာနယ်နှင့် ဗီးနပ်ဂျာနယ်တို့တွင် ယခင် နအဖ ဒု-ဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ကျန်းမာရေး သတင်းဖေါ်ပြမှုအတွက် ၎င်းဂျာနယ် (၂)စောင်အား စာပေစိစစ်ရေးရုံးက နောက်တကြိမ်ဆိုလျှင် ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ သည်။

• ၃၁ ဇူလိုင်။ အင်ဗွိုင်းဂျာနယ်နှင့် ဗွိုက်စ် ဂျာနယ် ၂ စောင်အား စာပေစိစစ်ရေးရုံးက ယာယီထုတ်ဝေခွင့် ရပ်ဆိုင်းလိုက် သည်။ အင်ဗွိုင်းဂျာနယ်တွင် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ် အောင်သိန်းလင်း တရုတ်သတင်းစာတစောင်နှင့် အင်တာဗျူးထားသည်မှ ကောက်နှုတ်ချက်ဖေါ်ပြခဲ့သဖြင့် ဖြစ်သည်။ ဗွိုက်စ်ဂျာနယ်တွင် အစိုးရဝန်ကြီးအဖွဲ့အပြောင်းအလဲ ဖြစ်နိုင်ခြေသတင်းနှင့် သရော်ချက်ပါ ကာတွန်းတပုံ ဖေါ်ပြခဲ့သောကြောင့်ဖြစ်သည်။

ဘာသာရေးလွတ်လပ်ခွင့် အခြေအနေ တိုးတက်မှု မရှိသေး

ဇူလိုင်(၃၀)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်အတွက် နိုင်ငံတကာ ဘာသာရေး လွတ်လပ်မှုအခြေအနေ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ ထို အစီရင်ခံစာ၌ မြန်မာပြည်နှင့် စပ်လျှဉ်းဖေါ်ပြရာတွင်၊ အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်နေသည် ဆိုသော်ငြားလည်း၊ ယင်းသို့ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင် ဘာသာရေး လွတ်လပ်ခွင့် တစုံတရာ တိုးတက်လာသည်ဟု အဓိပ္ပာယ် မသက်ရောက်ပေဟု ဖေါ်ပြထားသည်။ ယင်း အစီရင်ခံစာတွင်------

• ဘာသာရေးဆိုင်ရာဆောင်ရွက်နိုင်ခွင့်များနှင့် ဘာသာရေးအသင်းအပင်းဖွဲ့စည်းခွင့် စသည်တို့သည် လွတ်လပ်စွာ ပြောဆိုခွင့်၊လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာဖွဲ့စည်းခွင့်စည်းမျဉ်းဥပဒေကန့်သတ်ချက်များအောက်တွင် ကျရောက်နေသည်။

• ဗုဒ္ဓဘာသာမြန်မာရဟန်းတော်များသည် အကျဉ်းထောင်များတွင် နှစ်ရှည်ထောင်ဒဏ်များကျခံနေရဆဲဖြစ်သည်။
• အစိုးရသည် မူစလင်ဘာသာရေးဆောင်ရွက်မှုများကို ဆက်လက် အနီးကပ်စောင့်ကြည့်နေဆဲ ရှိသည်။
• တောင်အာရှနွယ်လူမျိုးများ၊အထူးသဖြင့် မူစလင်အများစုအပေါ် အမြင်ကျဉ်း နှိမ့်ချဆက်ဆံမှုများကျယ်ကျယ်ပြန့်ပြန့် ရှိနေဆဲ ဖြစ်သည်။
• အစိုးရသည် ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ငြင်းဆိုနေဆဲဖြစ်သည်။ ရိုဟင်ဂျာတို့အား ရွှေ့ပြောင်းသွားလာခွင့်၊ ထိန်းမြားလက်ထပ်ခွင့်ကန့်သတ်ချက်များ ပြဌာန်းထားဆဲရှိသည်။

အိုဂျေ ကင်တာနား မြန်မာပြည်ရောက်ရှိ

ဇူလိုင်လ(၂၉)ရက်နေ့တွင် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးလေ့လာစောင့်ကြည့်သူ မစ္စတာ တောမတ် အိုဂျေ ကင်တာနား ၆-ရက်အလည်ပတ်ခရီး စတင်သည်။ ဇူလိုင်လ(၃၀)ရက်နေ့တွင် မစ္စတာ ကင်တာနာသည် အင်းစိန်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားအများအပြားနှင့် တွေ့ဆုံသည်။ ဇူလိုင်လ(၃၁)ရက်နေ့တွင် မစ္စတာ ကင်တာနာသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သွားရောက် လေ့လာသည်။

အိုးအိမ်မှ ဖယ်ရှားခံရသူများ

ပြည်တွင်းအိမ်ယာပြောင်းရွှေ့ခံရသူများနှင့် ဒုက္ခသည်များအခြေအနေဆိုးရွားနေဆဲ

ဇူလိုင်လတွင် တရုတ်မြန်မာနယ်နိမိတ်ဒေသ မြန်မာဘက်ခြမ်းနှင့် တရုတ်ဘက်ခြမ်း နှစ်ဘက်စလုံးရှိ ပြည်တွင်းအိမ်ယာပြောင်းရွှေ့ခံရသူများနှင့် ဒုက္ခသည်များသည် ရေ့ရေးအလားအလာ မရေရာ မသေချာသည့် အခြေအနေနှင့် ရင်ဆိုင်နေကြသည်။ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဂါဒေသရှိ ယာယီစခန်းတွင်နေထိုင်နေကြရသော၊ ဒုက္ခသည် (၁၀၀၀)ခန့်သည် စားရေ ရိက္ခာပြတ်လပ်နေပြီး၊ နေရာထိုင်ခင်းမလုံလောက်မှုနှင့်လည်း ကြုံတွေ့နေရသည်။ ဒုက္ခသည် ဦးရေနှင့် အဆ မတန်ပြည့်ကျပ်နေသော ထိုစခန်း ဒုက္ခသည်စခန်းတွင် ကုလသမဂ္ဂဇေါင်စီများထံမှ ယခုထိ အကူအညီ တစုံတရာ မရရှိ သေးဟု သိရသည်။ ရှမ်းပြည်မြောက်ပိုင်းဒေသတိုက်ပွဲများမှ လွတ်မြောက်ရာသို့ထွက်ပြေးလာကြသော ဒုက္ခသည်များကို တရုတ်အာဏာပိုင်များက လက်မခံဘဲ၊ နှင်ထုတ်နေသည်ဟုဆိုသည်။
• ၆ ဇူလိုင်။ ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ပန်ဆိုင်းဒေသမှ ဒုက္ခသည် (၁၅၀၀) ခန့်သည် မြန်မာစစ်တပ် က ၎င်းတို့နေထိုင်ရာ အိုးအိမ်များမှ ထွက်ခွာသွားကြရန် အမိန့်ပေးလာသဖြင့်၊ နယ်စပ်ဖြတ်ကျော် ထွက်ပြေးခဲ့ကြရသည်။သို့သော် ၎င်းတို့ကို တရုတ်အာဏာပိုင်တို့ကလက်မခံဘဲ၊ ပြန်လည်နှင်ထုတ်ခဲ့သည်။
• ၂၀-၂၁ ဇူလိုင်။ တရုတ်နိုင်ငံနယ်မြေအတွင်းရှိ စခန်း(၆)ခု တွင် မှီခိုနေထိုင်နေသော ဒုက္ခသည် (၄၀၀၀)ကျော်တို့ အား တလအတွင်း မြန်မာနိုင်ငံဘက်သို့ပြောင်းရွှေ့ပေးရန် ယူနန်ပြည်နယ်၊ရွှေလီရှိ ိတရုတ်အာဏာပိုင်တို့က ကချင်လွတ်လပ်ရေးအဖွဲ့(KIO) အား ပြေကြားခဲ့သည်။

နိုင်ငံတကာ ဆက်ဆံရေး

အမေရိကန်သမ္မတ အိုဘားမားက အမေရိကန်ကုမ္ပဏီများအား မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံခွင့်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ခွင့်ပြုကြောင်း ကြေညာချက်တစောင် ထ ဇူလိုင်လ(၁၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကျင့်ဝတ်နှင့်ညီညွတ်သော ရင်းနှီးမြှုပ်နှံမှုပြုရေးဆိုသည့် အဆိုပြုချက်ကို မျက်ကွယ်ပြုလျှက်၊ အမေရိကန်သမ္မတ အိမ်ဖြူတော်က သယံဇာတထုတ်ယူရေးလုပ်ငန်းအပါအဝင် မည်သည့်လုပ်ငန်းကဏ္ဍတွင်မဆို လုပ်ခွင့်ပြုသည့် အထွေထွေခွင့်ပြုချက်တရပ်ကို ထုတ်ပေးခဲ့သည်။ သို့သော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ဝန်းကျင်တွင် မြင်သာထင်သာမရှိမှု၊ စစ်တပ်ကစီးပွားရေးတွင် ပါဝင်ပတ်သက်နေမှုများအတွက် အထူးစိုးရိမ်မိကြောင်း အိုဘားမားက ပြောကြားသည်။ ထို့ကြောင့် အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းဆောင်တာများ နှင့် ပတသက်၍ အသေးစိတ်အစီရင်ခံ တင်ပြမှုများ လုပ်ရန်လိုအပ်လိမ့်မည်ဟုပြောသည်။ ဒေါ်လာ (၅၀၀ ၀၀၀) အထက် အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်သော ကုမ္ပဏီများသည် လူ့အခွင့်အရေး၊ မြေယာရရှိပုံ၊ သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များ၊ အစိုးရနှင့် ဆက်စပ်ပတ်သက်သည့်

အဖွဲ့များအား ပေးကမ်းရမှု အစရှိသော သက်ဆိုင်ရာအဖြစ်အပျက်များကို ဖော်ပြ သည့် အစီရင်ခံစာတစောင် တင်သွင်းကြရန် လိုအပ်မည်ဖြစ်သည်ဟု ဆိုသည်။ စစ်တပ်ပိုင် ကုမ္ပဏီများနှင့်ပတ်သက် ၍ အမေရိကန်၏ စီးပွားရေးဒဏ်ခတ်မှုမှာ အပြောင်းအလဲမရှိ မူလကအတိုင်းပင် ဆက်လက်တည်ရှိမည်။

သမ္မတ ဦးသိန်းစိန်၏ ထိုင်းနိုင်ငံနှင့် စီးပွားရေးဆက်ဆံရေး ခရီး

ဇူလိုင်လ(၂၂)ရက်နေ့တွင် သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံသို့(၃)ရက်တာ အလည်အပတ်ခရီးရောက်ရှိလာသည်။ ထိုင်း-မြန်မာ နှစ်နိုင်ငံ အကြားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဖြစ်သည်။ ဇူလိုင်လ(၂၃)ရက်နေ့တွင် သမ္မတ ဦး သိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ယင်းလတ်ရှီနဝပ်ထရာနှင့် ဘန်ကောက်မြို့တွင်တွေ့ဆုံသည်။ ခေါင်းဆောင်(၂)ဦး သည် နားလည်မှုစာချွန်လွှာ (၃)စောင် လက်မှတ်ရေးထိုးသည်။ ၎င်း နားလည်မှုစာချွန်လွှာ (၃)စောင်တွင် ထိုင်း-မြန်မာ နှစ်နိုင်ငံပူးတွဲအကောင်အထည်ဖော်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံ တည်ဆောက်ရေးလုပ်ငန်း ကိစ္စကို အသစ်တဖန် လက်မှတ်ရေးထိုးခြင်း အပါအဝင်ဖြစ်သည်။ ဇူလိုင်လ(၂၃)ရက်နေ့မှာပင် သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံမှ စီးပွားရေးကုမ္ပဏီကြီးများဖြစ်ကြသော PTTEP, Siam Cement, and Charoen Pokphand တို့မှ အလုပ် အမှုဆောင် လူကြီးများနှင့် သီးခြားအလွတ်သဘောတွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့သည်။

အာဆီယံအဖွဲ့၏ စောင့်ကြည့်ခံရမှုမှ မြန်မာနိုင်ငံ လွတ်မြောက်

မြန်မာနိုင်ငံ ရခိုင်ဒေသအခြေအနေကြောင့် နိုင်ငံတကာ၏ စိုးရိမ်ကြောင့်ကျမှု ကြီးမားကျယ်ပြန့်ခဲ့သော်လည်း၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ကျင်းပသော အာဆီယံ ဝန်ကြီးများအစည်းအဝေးနှင့် (၁၉)ကြိမ်မြောက် အာဆီယံ ဒေသဆိုင်ရာ နီးနှောဖလှယ်ပွဲတို့တွင် ရခိုင်ပြဿနာသည် အစည်းအဝေးအစီအစဉ်၌ ထည့်သွင်းခဲ့ခြင်းမရှိချေ။ ဇူလိုင်လ(၁၃)ရက်နေ့ကမ္ဘောဒီးယားနိုင်ငံ ဆီယန်ရိ၌ ကျင်းပသော အာဆီယံ-အမေရိကန် စီပွားရေးနီးနှောဖလှယ်ပွဲ တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာနိုင်ငံသည် အာဆီယံအတွက် ခေါင်းကိုက်စရာပြဿနာ မဟုတ် တော့ဟု ဆိုခဲ့သည်။

စီးပွားရေးရာ

မြန်မာ့အလားအလာမကောင်းလှသေးဟု "အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ်" သုံးသပ်

အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ်(ADB) ထိပ်တန်းအရာရှိ စတီဖင် ဂရော့ဖ် သည် ဇွန်လ ၂၆ မှ ၂၉ အထိ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည်။ သူသည် သမ္မတ ဦးသိန်းစိန်အပါအဝင် အိစးရဝန်ကြီး အများအပြားနှင့် တွေ့ဆုံခဲ့သည်။ ခရီးစဉ် အပြီး စတီဖင် ဂရော့ဖ် က သုံးသပ်သည်မှာ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုညွှန်ကိန်း တနှစ်အတွင်း ၅-၆ % တိုးတက်သည် ဆိုသော်လည်း၊ ထိုင်းနိုင်ငံ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မှီရန် နှစ်ပေါင်း(၃၀) အချိန်ယူရ မည်ဟု ဆိုသည်။ ဇူလိုင်လ (၁)ရက်နေ့ အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ်(ADB)၏ မြန်မာနိုင်ငံအပေါ် "ကနဦး အပိုင်း အကဲဖြတ်ချက်" ပြုရာတွင်၊ မြန်မာနိုင်ငံလက်ငင်း စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေမှာ အားရကျေနပ်စရာ မကောင်းသေး ဟု အကဲဖြတ်ခဲ့သည်။

• မြန်မာနိုင်ငံ၏ လူဦးရေ ၂၅% သည် ဆင်းရဲမွဲတေစွာ နေထိုင်ရဆဲဖြစ်သည်။
• မြန်မာနိုင်ငံ၏ လူဦးရေ ၇၅% သည် လျှပ်စစ်မီး မရရှိသေးချေ။
•ကျေးလက်ဒေသတွင် ကလေးသူငယ် ၇၅% သည် မူလတန်းပညာ တပိုင်းတစနှင့် ကျောင်းထွက်ရသည်။
•မြန်မာနိုင်ငံ လမ်းဖေါက်လုပ်နိုင်မှုနှုန်း လူ(၁၀၀၀)တွင် (၂)ကီလိုမီတာသာရှိသည်။ အရှေ့တောင်အာရှ ဒေသတွင် လူ(၁၀၀၀)လျှင် (၁၁)ကီလိုမီတာရှိခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။
•မြန်မာနိုင်ငံတွင် လူ(၁၀၀၀)တွင် (၁၈)ဦးသာ မော်တော်ယာဉ်သုံးနိုင်သည်။ ထိုင်းနိုင်ငံတွင် လူ(၁၀၀၀)လျှင် (၃၇၀) ဦး မော်တော်ယာဉ်သုံးနိုင်ခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။
• ရေမြောင်း၊ ရေဆိုးစွန့်ထုတ်စနစ်နှင့် မိလ္လာစနစ်များပံ့မှနအခြေအနေမရှိသဖြင့် မြို့ပြအဆောက်အအုံ ဖွဲ့စည်းမှု အခြေအနေမှာ လက်ခံနိုင်လောက်သည့် အဆင့်ထက် နိမ့်ကျနေသည်။

ဗြိတိန် အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံတွင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ရှာဖွေ

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု လျှော့ချပေးပြီးသည့် နောက်ပိုင်းတွင်၊ နိုင်ငံခြားစီးပွားရေးကုမ္ပဏီများ မြန်မာပြည်၌ စီးပွားရေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းရှာဖွေရန် အပြေးအလွှားသွားကြသည်။

• ၉ ဇူလိုင်။ ဗြိတိသျှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာပြည်၌ စီးပွားရေး ရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းရှာဖွေရန် သွားသည်။ ထိုအဖွဲ့တွင် အပြည်ပြည်ဆိုင်ရာ ရေနန် ကော်ပိုရေးရှင်းကြီးများ ဖြစ်ကြ သော BP နှင့် SHELL ကုမ္ပဏီများလည်းပါဝင်သည်။

• ၁၃ ဇူလိုင်။ ကမ္ဘောဒီးယားနိုင်ငံ ဆီယန်ရိ၌ ကျင်းပသော အာဆီယံ-အမေရိကန် စီးပွားရေးနှီးနှောဖလှယ်ပွဲ တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က သမ္မတ ဦးသိန်းစိန်အား အမေရိကန် စီးပွားရေးလုပ်ငန်း(၃၈) ခုကို ကိုယ်စားပြုသော အလုပ်အမှုဆောင်(၇၀)ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မိတ်ဆက်ပေးခဲ့သည်။

• ၁၄ ဇူလိုင်။ အမေရိကန် စီးပွားရေးနှင့်စိုက်ပျိုးရေးဆိုင်ရာ လက်ထောက်ဝန်ကြီး ရောဘတ် ဟောန်မက်နှင့် လက်ထောက် နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီး ဖရန်ဆစ္စကို ဆန်ချေး၏ တို့ခေါင်းဆောင်သော "အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့" သည် မြန်မာနိုင်ငံသို့ ၂ ရက်ကြာ လေ့လာရေးခရီး ရောက်ရှိသည်။ ခရီးစဉ် အတော အတွင်း အမေရိကန် General Electrin ကုမ္ပဏီ က မြန်မာနိုင်ငံရှိဆေးရုံ(၂)ရုံသို့ ဓါတ်မှန်စက် ပစ္စည်းများ တင်သွင်း ရန် သဘောတူညီချက်ရရှိသည်။ ထို့ကြောင့် General Electrin ကုမ္ပဏီသည် အမေရိကန်က စီးပွားရေးဒဏ်ခတ်မှု လျှော့ချပေးပြီးနောက် ပထမဦးဆုံးသော စီးပွားရေးစတင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်လာသည်။

ဇူလိုင်လအတွင်း အခြား မြန်မာနိုင်ငံဆိုင်ရာ အခြားသတင်းများ

၁	ရန်ကုန်မြို့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွှေမန်းနှင့် ၈၈-မျိုးဆက်ကျောင်းသားများအဖွဲ့ ခေါင်းဆောင်များ မြန်မာနိုင်ငံရှိ ဖိနှိပ်ရေးဥပဒေများကို ဖျက်သိမ်းရေးကိစ္စကို ဆွေးနွေးသည်။
၁	အစိုးရလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်(၃)ဦး လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားရာ ရခိုင်ပြည်နယ်သို့ (၅)ရက်ကြာခရီးသွားခဲ့သည်။
၁	ဇွန်လ(၃)ရက်နေ့က ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ မူစလင်လုရားဖူး(၁၀)ဦး အသတ်ခံရသည့် ကိစ္စနှင့် ဆက်စပ်ပတ်သက်၍ လူ(၃၀)ဦးကို အစိုးရအာဏာပိုင်များ ဖမ်းဆီးထားကြောင်း နိုင်ငံပိုင် မြန်မာ့အလင်း သတင်းစာတွင်ဖေါ်ပြသည်။
၁	ရခိုင်ပြည်နယ် မငြိမ်မသက်မှုကြောင့် သမ္မတ ဦးသိန်းစိန်၏ ဇူလိုင်လ(၁၅ မှ ၁၇) ဘင်္ဂလားဒက်ရှ်ခရီးစဉ်အား ရွှေ့ဆိုင်းလိုက်ကြောင်း၊ ဘင်္ဂလားဒက်ရှ် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် မီဂျရူ က ပြောကြားသည်။
၂	၈၈-မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က မြန်နိုင်ငံတွင် ဥပဒေပြောင်းလဲမှုများလုပ်သော်လည်း မြန်မာနိုင်ငံသားများအနေနှင့် မည်သည့်အကျိုးမျှ မခံစားရသေးဟု ပြောသည်။
၃	ခနေအမျိုးသားဒီမိုကရေစီပါတီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းကို ရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးခဲ့သည်။
၃	၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် စစ်တပ်ကခန့်ထားသည့် လွှတ်တော်ကိုယ်စားလှယ် များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်တွဲဆောင်ရွက်မည် ဟု ဒေါ်အောင်ဆန်းစုကြည်က ပြော သည်။
၄	မက်စ်မြန်မာကုမ္ပဏီပိုင်ရှင် ဇော်ဇော်က သူ့ကုမ္ပဏီ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှ နှုတ်ထွက်လိုက်ပြီ ဟု ပြောသည်။
၅	ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖေါ်ပြသခြင်း ဥပဒေဆိုင်ရာ နည်းဥပဒေထုတ်ပြန်လိုက်ကြောင်း အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။
၆	မြစ်ကြီးနားဗုံးကွဲမှုနှင့် ပတ်သက်သည်ဟုစွပ်စွဲဖမ်းဆီးခံထားရသည့် ကချင်လူမျိုး ဘရန်ရှောင်ကို ပြန်လွှတ်ပေးရန် ကချင်အမျိုးသား (၁၅၀၀)ကျော် မြစ်ကြီးနားတွင် ဆန္ဒပြတောင်ဆိုသည်။
၉	ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အထက်တန်းကျောင်းမှ ကျောင်းသား(၁၀၀)ကျော်က ရွှေဂက်စ်စီမံကိန်း

	ကြောင့် ၎င်းတို့ ကျောင်းသွားရာလမ်း ပျက်စီးခြင်းအတွက် ဆန္ဒပြကြသည်။
၉	မြန်မာနိုင်ငံ ပုဂ္ဂလိကဘဏ်(၁၁)ခုတွင် နိုင်ငံခြားငွေစာရင်းဖွင့်ခွင့် စတင်ပေးသည်။
၉	နှစ်ပေါင်း(၂၀)ရှေ့နေလိုက်ခွင့်ပိတ်ပင်တားဖြစ်ခံထားရသူ ဥပဒေပညာရှင် ရောဘတ်စန်းအောင်အား တရားရုံးချုပ်မှ ရှေ့နေလိုက်ခွင့်လိုင်စင် ပြန်လည်ထုတ်ပေးသည်။
၉	ယခင် နအဖအစိုးရမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေဖြတ်သွားသဖြင့် စင်္ကာပူနိုင်ငံတွင် ဆေးကုသရန် ထွက်ခွာသွားသည်။
၁၀	မွန် ဒီမိုကရေစီ ပါတီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းကို ရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးခဲ့ သည်။
၁၀	လူမျိုးရေးအကြမ်းဖက်မှု ပြဿနာ ဖြစ်ပွားမှုကြောင့် မငြိမ်းအေးသေးသော ရခိုင်ပြည်နယ် ရမ်းဗြဲသို့ ၈၈-မျိုးဆက်ကျောင်းသားခေါင်းဆောင်များ (၅)ရက်ကြာလေ့လာရန်ရောက်ရှိသည်။
၁၀	ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာဌာနက ထုတ်ပြန်သော "လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ ၊ ၂၀၁၁ အစီရင်ခံစာ" တွင် မြန်မာနိုင်ငံ၌ လက်ငင်းတိုင်းရင်းသားဒေသများအတွင်း ဆက်လက်ဖြစ်ပွားနေ သော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် အလွန်စိုးရိမ်မိကြောင်း ဖေါ်ပြထားသည်။
၁၀	အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင် ပစ်ဆူဝမ်က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများကို လုံးဝရုပ်သိမ်းရန် ပြောကြားခဲ့သည်။
၁၁	မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒါးရက် မစ်ချယ်သည် နေပြည်တော်ရှိ သမ္မတဦးသိန်းစိန်ထံ သူ၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။
၁၁	သမ္မတဦးသိန်းစိန်က တပ်မတော်သည် အာဏာကိုဂင်ရောက်စွက်ဖက်ခြင်းမရှိတော့ကြောင်း၊ သို့သော် တပ်မတော်သည် အနာဂတ်မြန်မာနိုင်ငံအတွက် အရေးပါသော အခန်းတွင် တည်ရှိကြောင်း ပြောကြားသည်။
၁၂	အမေရိကန်က မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု လျှော့ချပေးခဲ့ခြင်နှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်း စုကြည်က ထူးထူးခြားခြား ပြောရန်မရှိဟုဆိုသည်။ သို့သော် မြန်မာ့ရေနံ နှင့်ဓါတ်ငွေ့ရင်းနှီးမြှုပ်နှံမှု ပိုမိုပွင့်လင်းမြင်သာမှုရှိရေးအတွက် နိုင်ငံတကာက တောင်းဆိုမှု အသစ်များ ထပ်မံလုပ်ရန်လိုကြောင်း ပြောကြားသည်။
၁၂	အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က စီးပွားရေးဒဏ်ခတ်မှု လျှော့ချပေးလိုက်ခြင်း သည် အမေရိကန်နိုင်ငံက မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြည့်စုံမှုရှိ၍ နောက်ကြောင်းပြန်လှည့်စရာ မရှိဟု ဆိုလိုခြင်းမဟုတ်ကြောင်းပြောကြားသည်။
၁၂	မြန်မာပြည်အတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံမှုလိုသူများအား သတိထားဆောင်ရွက်ကြရန် မြန်မာနိုင်ငံ အရေးဆောင်ရွက်သည့် အာဆီယံလွှတ်တော်အမတ်များအဖွဲ့(AMPIC) က တိုက်တွန်းပြောကြားလိုက် သည်။ အမေရိကန်၊ အဆီယံ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့(IMF) နှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင် တိကျသေချာသော စီးပွားရေး နှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဥပဒေများ ပေါ်ထွန်းလာအောင် ကူညီကြရန်လည်း(AMPIC) က တိုက်တွန်းလိုက်သည်။
၁၂	အမေရိကန် အထက်လွှတ်တော်အမတ်များဖြစ်ကြသော ဂျွန်မက်ကိန်းနှင့် ဂျိုးလီဘာမင်တို့က အမေရိကန်နိုင်ငံ၏ စီးပွားရေးဒဏ်ခတ်မှု လျှော့ချပေးလိုက်ခြင်းကို ကြိုဆိုလိုက်ကြသည်။ သို့သော် (မြန်မာ့ရေနံနှင့် ဓါတ်ငွေ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း) နှင့် စီးပွားရေးတွဲဖက်လုပ်ကိုင်ပါက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအား ထိခိုက်ဖွယ်ရရှိသည်ဟု သတိပေးလိုက်သည်။
၁၃	ချင်းပြည်နယ် တီးတိန်မြို့မှ အသက်(၄၁)နှစ်အရွယ် အမျိုးသားတဦးသည် ရဲအဖွဲ့နှင့် စစ်တပ်က ရိုက်နက်ညှင်းပမ်းသဖြင့် ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားသည်။
၁၃	အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဆီယန်ရိ(ပ်)တွင် တွေ့ဆုံသည်။ လူ့အခွင့်အရေးကိစ္စ၊ မြောက်ကိုးရီးယားနှင့် စစ်ရေးပူးပေါင်း ဆောင် ရွက်မှုကိစ္စများနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်စရာများရှိသေးကြောင်း ပြောကြား လိုက်သည်။
၁၆	ချင်းရိုင်ခရိုင် ထိုင်းနိုင်ငံ အာဏာပိုင်တို့သည် မြန်မာနိုင်ငံဖက်မှ ထိုင်းနိုင်ငံဖက်သို့ ခိုးသွင်းလာသော ရူးသွပ်စိတ်ကြွမူးယစ်ဆေးပြား(၅၅၀ ၀၀၀)နှင့် ခရစ္စတယ်မူးယစ်ဆေး (၇၀)ကီလိုဂရမ် ကို ဖမ်းဆီး ရရှိသည်။
၁၇	ဒေါ်အောင်ဆန်း စုကြည်က လာမည့် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ ခရီးထွက်မည် ဟု

	ပြောသည်။
၁၇	ဒေါ်အောင်ဆန်းစုကြည် ချက်နိုင်ငံခြားရေးဝန်ကြီး ကာရဲလ် ရွာဇင်ဘတ်အား နေပြည်တော်တွင် တွေ့ဆုံသည်။
၁၇	ထိုင်းနိုင်ငံ စွမ်းအင်ကုမ္ပဏီ PTTEP က မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂ မှ ၃ ဘီလျံ အထိ ရင်းနှီးမြှုပ်နှံမည်ဟု ဆိုသည်။ တနေ့လျှင် ရေနံ စည်(၁၅၀ ၀၀၀) ရေနံသန့်စင်ချက်လုပ်မှု၊ ကျောက်မီးသွေးတူးဖော်ရေးနှင့် လျှပ်စစ်ဓါတ်အားပေးစက်ရုံတခုတည်ဆောက်မှု တို့အပါအဝင်ဖြစ်သည်။
၁၇	မြန်မာအစိုးရ စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားစွမ်းအင်ကုမ္ပဏီများအား ကမ်းလွန်ရေနံနှင့်ဓါတ်ငွေ့လုပ်ကွက်(၂၃)ခုတွင် လာရောက် လေ့လာရန် ဖိတ်ခေါ်သည်။
၁၈	ချင်းပြည်နယ် ပလက်ဝမြို့နယ် မှ ပြည်သူ (၂၇၉)ဦး လျှပ်စစ်ဓါတ်အားအလုံအလောက်ရရှိရေးအတွက် စုပေါင်းလက်မှတ်ရေးထိုး၍ သမ္မတ ဦးသိန်းစိန်ထံ ပေးပို့ခဲ့သည်။
၁၈	သမ္မတ ဦးသိန်းစိန်သည် ချက်နိုင်ငံခြားရေးဝန်ကြီး ကာရဲလ် ရွာဇင်ဘတ်အား နေပြည်တော်တွင် တွေ့ဆုံသည်။
၁၈	ဘင်္ဂလားဒက်ရှ် နိုင်ငံခြာရေးဝန်ကြီး ဒီပုမိုနီ က ထောင်ပေါင်းများစွာသော ရိုဟင်ဂျာဒုက္ခသည်များအား နေရာချထားရေးကိစ္စ လုပ်ငန်းပြန်လည်စတင်ရန် မြန်မာအစိုးရအား နိုးဆော်လိုက်သည်။
၁၈	သမ္မတ ဦးသိန်းစိန်နှင့် ဒီမိုကရေစီ မိတ်ဆွေများ(၁၀)ပါတီမှ ကိုယ်စားလှယ်များ နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲပုံသဏ္ဍာန်ပြုပြင်ပြောင်းလဲရေးနှင့် ရခိုင်ပြည်နယ် အရေးကိစ္စများပါဝင်သည်။
၁၉	အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျားဗားနယ် ဘိုဂါတွင် ရိုဟင်ဂျာ(၁၆)ပါသည့် လှေတစ်းကို ဖမ်းဆီးရမိသည်။
၁၉	အလုပ်သမားသမဂ္ဂအဖွဲ့ကိုယ်စားလှယ်အရေးအတွက်အတော်များများအား အလုပ်ရှင်များက အလုပ်မှထုတ်ပယ်ခဲ့ကြသည်။ ထိုလုပ်ရပ်သည် အလုပ်သမားအဖွဲ့ဥပဒေကို မြင်သာစွာ ချိုးဖေါက်ခြင်းဖြစ်သည် ဟု ကမ္ဘာ့ လုပ်သမားအဖွဲ့ချုပ် (ILO) နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် ရော့စ် ဂီလ်ဆင် က ပြောသည်။
၂၀	ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အိုးအိမ်ရွှေ့ပြောင်းနေထိုင်ရသည့် (IDP) ဒုက္ခသည်များအတွက် စားရေရိက္ခာအကူအညီပေးရေး စီစဉ်နိုင်ရန် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP) သို့ ဒေါ်လာ(၃) သန်းပေးအပ်ခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒါးရက် မစ်ချယ်က ပြောသည်။
၂၂	ထိုင်းနိုင်ငံ ထရတ်ပြည်နယ် လျံဌေါ်ခရိုင်ရှိ ဆိပ်ကမ်းတခုမှ မြန်မာရွှေ့ပြောင်းအလုပ်သမား(၁၈)ယောက် ကို ထိုင်းအာဏာပိုင်တို့က ကယ်တင်ခဲ့သည်။ ၎င်းတို့အား ခါးဖမ်းလှေပေါ်တွင် လုပ်ခမပေးဘဲ အဓမ္မအလုပ်ခိုင်းစေခဲ့သည်။
၂၂	သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်အဖြစ် သန့်ကျော်အားခန့်ထားခဲ့သည်။
၂၃	၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်၏ ပထမ(၃)လပတ် တွင် မြန်မာ့ သဘာဝဓါတ်ငွေ့ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း(၈၀၀)ရရှိသည်ဟု အလဲဗင်းမီဒီယာဂရု သတင်းက သတင်းပေးပို့သည်။
၂၃	မြန်မာအစိုးရ သတ္တုတွင်းဝန်ကြီးဌာနက မြန်မာ့သတ္တုတူးဖေါ်ရေးလုပ်ငန်း၌ နိုင်ငံခြားကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ခဲ့သည်။
၂၃	လူတဦးပျမ်းမျှဝင်ငွေနှုန်းသည် (၂)နှစ်(၃)နှစ်အတွင်း လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အား ကျော်လွန်သွားမည်ယူဆကြောင်း မြန်မာအစိုးရ စက်မှုဝန်ကြီး စိုးသိမ်းက ပြောသည်။
၂၄	၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်၏ ပထမ(၃)လပတ် တွင် မြန်မာနိုင်ငံခြားကုန်သွယ်မှုဝင်ငွေ အမေရိကန်ဒေါ်လာ (၅)ဘီလျံရရှိသည်ဟု အလဲဗင်းမီဒီယာဂရု သတင်းက သတင်းပေးပို့သည်။
၂၄	ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ အသက်(၅၈)နှစ်အရွယ် အမျိုးသားတဦးသည် စစ်တပ်က ရိုက်နှက်ညှင်းပမ်းသဖြင့် ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားသည်။
၂၄	ယခင် ပါကစ္စတန်နိုင်ငံ လူ့အခွင့်ရေးဆိုင်ရာဝန်ကြီး အန်ဆာဘာနေအား လန်ဒန် မြန်မာသံရုံးက ဗီဇာပေးရန်ငြင်းပယ်လိုက်သည်။ ဘာနေသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာကိစ္စ အချက်အလက်ရှာဖွေရေးလုပ်ရန် လိုလားသူဖြစ်သည်။

၂၄	မြန်မာအစိုးရ အလုပ်သမားဝန်ကြီး အောင်ကြည်သည် မြန်မာရွှေ့ပြောင်းအလုပ်သမားပြဿနာများနှင့် စပ်လျဥ်း၍ ဆွေးနွေးရန် ထိုင်းပြည်ထဲရေးဝန်ကြီး၊ ထိုင်းလူဝင်မှုရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးနှင့် အစိုးရမဟုတ်သောအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။
၂၅	မကွေးတိုင်း ပွင့်ဖြူမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ရဲဝင်း သည် အမည်မသိသူတဦး၏ သတ်ဖြတ်ခြင်းခံရသည်။
၂၅	ကရင်နီပြည်နယ် လွိုင်ကော်မြို့တွင် ကရင်နီပြည်သူ့တိုးတက်ရေးပါတီ KNPP ၏ ဆက်သွယ်ရေးရုံး တရုံးဖွင့်လှစ်သည်။
၂၅	တနင်္သာရီတိုင်း၊ကော့သောင်မြို့နယ် တရားရုံးက ထိုင်းနိုင်ငံသား(၉၂)ဦးအား တရားမဝင် ဝင်ရောက် သစ်ခုတ်မှုအတွက် ထောင်ဒဏ် (၃)နှစ်(၆)လ စီ ပြစ်ဒဏ်ချလိုက်သည်။
၂၆	ယခင်စစ်အစိုးရကျင့်သုံးခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်သူများအား အရေးယူသည့် (၅/၉၆) ဥပဒေကို ရုပ်သိမ်းရန် မြန်မာအစိုးရ ပြည်ထဲရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးကိုကို က အမျိုးသားလွှတ်တော် အဆိုတင်သွင်းခဲ့သည်။
၂၆	ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး Phadermchai Sasomsap က အလုပ်သမားမှတ်ပုံတင် မလုပ်ရသေးသော ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ရန် နောက်ဆုံးသတ်မှတ်ရက် (ဒီဇင်ဘာ ၁၄) ပြည့်လျှင် ရက်ထပ်မံ တိုးပေးတော့မည်မဟုတ်ဟု ပြောသည်။
၂၆	ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်ပတ်သက်၍ အစိုးရအနေနှင့် ပိုမိုတာဝန်ခံမှုရှိရန်၊ ပိုမိုမြင်သာ ထင်သာ ရှိရန် "ထားဝယ်ဒေသဖွံ့ဖြိုးရေးအဖွဲ့" က တိုက်တွန်းတောင်းဆိုလိုက်သည်။
၂၆	အမေရိကန်အောက်လွှတ်တော်မှ သက်တမ်းထပ်မတိုးမီ၊ မြန်မာသွင်းကုန်များကို တားမြစ်ထားသည့် ဥပဒေ သက်တမ်းကုန်ဆုံးသည်။
၂၇	ဒီမိုကရေစီမိတ်ဆွေများ(၁၀)ပါတီနှင့် နေပြည်တော်တွင် တွေ့ဆုံစဉ် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဌ တင်အေးက ကော်မရှင်သည် ရွေးကောက်ပွဲချေယ်ပုံစနစ်များကို လေ့လာကျက်ရှိကြောင်း ပြောကြားသည်။
၂၉	၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ (VISA, China Union Pay, and Japan Credit Bureau) အစရှိသည့် နိုင်ငံတကာသုံး အလက်ထရောနစ ် ငွေပေးငွေယူကဒ်များ ကို စတင်အသုံးပြုတော့မည်ဟု ပြည်တွင်း ထုတ် ဆဲဗင်းဒေးဂျာနယ်က ဖေါ်ပြသည်။
၃၀	သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ ဥက္ကဌ ပင်မလာ ကောက်စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နှင့် နေပြည်တော်တွင် တွေ့ဆုံသည်။
၃၀	ဒုတိယ သမ္မတ စိုင်းမောက်ခမ်း က မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိကြောင်း၊ မည်သည့်ယုံကြည်ကိုးကွယ်မှုကိုမျှ တားဆီးပိတ်ပင်ခြင်းမရှိကြောင်း ပြောကြားသည်။

ဇူလိုင်လအတွင်း ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံအကြောင်း အစီရင်ခံစာများ

မီးလောင်နေသော အိုးအိမ်များ၊ နစ်မွမ်းနေသော ဘဝများ။ တန်းတူ ယုံကြည်မှု အခွင့်အရေးအဖွဲ့။
"**Burning Homes, Sinking Lives: A situation report on violence against stateless Rohingya in Myanmar and their refoulement from Bangladesh**", Equal Rights Trust (ERT) http://bit.ly/N6jOes

ရခိုင်ပြည်နယ်အစီရင်ခံစာ။လူ့အခွင့်အရေး၊ လွတ်လပ်ရေးနှင့် လူသားချင်းစာနာကယ်ဆယ်ရေးဖေါင်ဒေးရှင်း။
"**Arakan Report**", The Foundation for Human Rights and Freedoms and Humanitarian Relief (IHH) http://bit.ly/MFgxUz

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် အိမ်ယာရွှေ့ပြောင်းခံရခြင်း အခြေအနေဆိုင်ရာ အစီရင်ခံစာ အမှတ်(၄)။ ကုလသမဂ္ဂ၊ လူသားချင်းစာနာမှုဆိုင်ရာပူပေါင်းဆောင်ရွက်ရေးရုံး။
"**Myanmar: Displacement in Rakhine State, Situation Report No. 4**", UN Office for the Coordination of Humanitarian Affairs (UNOCHA) http://bit.ly/LSdWGy

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် အိမ်ယာရွှေ့ပြောင်းခံရခြင်း အခြေအနေဆိုင်ရာ အစီရင်ခံစာ အမှတ်(၅)။ ကုလသမဂ္ဂ၊ လူသားချင်းစာနာမှုဆိုင်ရာပူပေါင်းဆောင်ရွက်ရေးရုံး။
“**Myanmar: Displacement in Rakhine State, Situation Report No. 5**”, UN Office for the Coordination of Humanitarian Affairs (UNOCHA) http://bit.ly/OO5uoh

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် အိမ်ယာရွှေ့ပြောင်းခံရခြင်း အခြေအနေဆိုင်ရာ အစီရင်ခံစာ အမှတ်(၆)။ ကုလသမဂ္ဂ၊ လူသားချင်းစာနာမှုဆိုင်ရာပူပေါင်းဆောင်ရွက်ရေးရုံး။
“**Myanmar: Displacement in Rakhine State, Situation Report No. 6**”, UN Office for the Coordination of Humanitarian Affairs (UNOCHA) http://bit.ly/OwFHD6

မြန်မာနိုင်ငံရေးအကျဉ်းသားများအခြေအနေပြ လစဉ်အစီရင်ခံချက်။ ဇွန်လ၊ ၂၀၁၂။ နိုင်ငံရေးအကျဉ်းသာများကူညီစောင့်ရှောက်ရေးအဖွဲ့။
“**Monthly chronology of Burma’s political prisoners - June 2012**”, Assistance Association for Political Prisoners (AAPP) http://bit.ly/NglUcW

နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာ၊ ၂၀၁၁ ခုနှစ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာ။
“**International Religious Freedom Report for 2011 – Burma**”, US State Department http://1.usa.gov/MguFFW

၂၀၁၁ ခုနှစ် - နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာရုံး အစီရင်ခံစာ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ မြန်မာနိုင်ငံ။
“**2011 Foreign & Commonwealth Office Report: Human Rights and Democracy - Burma**”, UK Foreign & Commonwealth Office (FCO) http://bit.ly/N12BWw

အဆိုးတကာ့ အဆိုးဆုံး ၂၀၁၂ - မြန်မာနိုင်ငံ၊ Freedom House.
“**Worst of the Worst 2012 - Burma**”, Freedom House http://bit.ly/NbrfSL

မြန်မာနိုင်ငံ၊ စီပွားရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံရေး။ (ICG)
“**Myanmar: The Politics of Economic Reform**”, International Crisis Group (ICG) http://bit.ly/MNNZXk